ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဝါရှင်တန်မြို့

# အမေရိကန်နိုင်ငံ၊ ပနားမားနိုင်ငံနှင့် ကိုလံဘီယာနိုင်ငံရောက် မဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ(၁၅) ဖြန့်ဝေခြင်း

(၂၁-၈-၂၀၂၅၊ ဝါရှင်တန်မြို့)

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကို ၂၈-၁၂-၂၀၂၅ရက်(တနင်္ဂနွေနေ့) တွင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၁-၈-၂၀၂၅ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ကြေညာချက်အမှတ်(၆၂/၂၀၂၅)အရ အမေရိကန်နိုင်ငံရှိ မြန်မာသံရုံး၊ ဝါရှင်တန်မြို့၏ ကောင်စစ်နယ်မြေများဖြစ်သည့် မြို့တော် Washington D.C. နှင့် Alabama ၊ Arkansas ၊ Colorado၊ Connecticut ၊ Delaware ၊ Florida ၊ Georgia ၊ Idaho ၊ Illinois ၊ Indiana ၊ Iowa, Kansas ၊ Kentucky ၊ Louisiana ၊ Maine ၊ Maryland ၊ Massachusetts ၊ Michigan ၊ Minnesota ၊ Mississippi ၊ Missouri ၊ Montana ၊ Nebraska ၊ New Hampshire ၊ New Jersey ၊ New York ၊ North Carolina ၊ North Dakota ၊ Ohio ၊ Oklahoma ၊ Pennsylvania ၊ Rhode Island ၊ South Carolina ၊ South Dakota ၊ Tennessee ၊ Texas ၊ Utah ၊ Vermont ၊ Virginia ၊ West Virginia ၊ Wisconsin ၊ Wyoming ၊ ပြည်နယ်များနှင့် Puerto Rico ၊ U.S. Virgin Islands နယ်မြေများ၊ ပနားမားနိုင်ငံနှင့် ကိုလံဘီယာနိုင်ငံရောက် မဲပေးပိုင်ခွင့်ရှိသော မြန်မာနိုင်ငံသား မဲဆန္ဒရှင်များအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ(၁၅)ကို ဖြန့်ဝေအပ်ပါသည်။

၃။ မဲဆန္ဒရှင်များအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅) များကို မြန်မာသံရုံး ဝါရှင်တန်မြို့၏ အောက်ဖော်ပြပါ လိပ်စာသို့ ၂၁-၈-၂၀၂၅ ရက်မှ ၈-၉-၂၀၂၅ ရက်အထိ ပေးပို့နိုင်ပါကြောင်းနှင့် ပုံစံ(၁၅)များ ပြန်လည်ပေး

ပို့သည့်အခါ မြန်မာသံရုံးနှင့် မဲဆန္ဒရှင်များအကြား အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုပြုနိုင်ရန် ဆက်သွယ်ရမည့်လိပ်စာ၊ အီးမေးလ်နှင့် ဖုန်းနံပါတ်များကိုပါ ပြည့်စုံစွာ ထည့်သွင်းဖော်ပြပေးပို့ပေးပါရန် ကြေညာအပ်ပါသည်-

**Embassy of the Republic of the Union of Myanmar**

2300 S Street, N.W, Washington D.C., 20008, USA

Email: myanmaremb2015@gmail.com

Tel: +1 (202) 332 3344

၄။ အမေရိကန်နိုင်ငံ အနီးဝန်းကျင်ရှိနိုင်ငံများတွင် နေထိုင်ကြသော မြန်မာနိုင်ငံသားများ အနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရန်အတွက် အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို နီးစပ်ရာမြန်မာသံရုံးသို့ ပေးပို့နိုင်ပါကြောင်းကိုလည်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

မြန်မာသံရုံး၊ ဝါရှင်တန်မြို့
ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
081
WASHINGTON

ပုံစံ (၁၅)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်**

**ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ**

[ နည်းဥပဒေ ၈၁ (က)၊ ၈၂ (က) ]

ဥက္ကဋ္ဌ

-------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ --------------- သည် ----------------- ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် သက်ဆိုင်ရာ မြို့နယ်၏ပြင်ပသို့ ရောက်ရှိနေမည်ဖြစ်ပါသည်။ ကျွန်တော်/ ကျွန်မအား ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ ကျွန်မနှင့်ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် ----------------------------------------------------------------------

(၂) တိုင်းရင်းသားလူမျိုး ----------------------------------------------------------------------

(၃) နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် ------------------------------------------------

(၄) မွေးသက္ကရာဇ် (အသက်) ----------------------------------------------------------------------

(၅) အဘအမည် ----------------------------------------------------------------------

(၆) အမိအမည် ----------------------------------------------------------------------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ - အမှတ် ( )

---------------လမ်း/ကျေးရွာ၊ ---------------- ရပ်ကွက်/ကျေးရွာအုပ်စု၊

---------------မြို့နယ်၊ -------------------- တိုင်းဒေသကြီး/ပြည်နယ်

(၈) တောင်းဆိုသူ ယခုရောက်ရှိနေသည့် --------------------------------------------------------

ရပ်ကွက်/ကျေးရွာ၊ မြို့နယ်/ဌာန (ပြည်တွင်း) ----------------------------------------------

(၉) တောင်းဆိုသူ ယခုရောက်ရှိနေသည့် --------------------------------------------------------

ရပ်ကွက်/ကျေးရွာ၊ မြို့နယ်၊ နိုင်ငံ (ပြည်ပ)-------------------------------------------------

--------------------------------------------------------------------------------------------

(နိုင်ငံအမည်နှင့် မြို့အမည်ကို မြန်မာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်)

တောင်းဆိုသူ၏လက်မှတ်

ရက်စွဲ၊ ----------------------

(*တောင်းဆိုသူ၏အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ်အတွင်း ဖြစ်ရမည်)